ဆွဒကဟ် အလှူဒါနသည် ဥစ္စာပစ္စည်းကို

လျှော့နည်းစေမည်မဟုတ်၊ ခွင့်လွှတ်တတ်သူအား

အလ္လာဟ်အရှင်မြတ်သည် ဂုဏ်သိက္ခာ

ပို၍တိုးပွားစေတော်မူမည်။ မည်သူမဆို

အလ္လာဟ်အရှင်မြတ်အတွက် ရိုကျိုးနှိမ့်ချခဲ့လျှင်အလ္လာဟ်အရှင်မြတ်သည် ထိုသူအားမြှင့်တင်ပေးတော်မူသည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဆွဒကဟ်
အလှူဒါနသည် ဥစ္စာပစ္စည်းကို လျှော့နည်းစေမည်မဟုတ်၊ ခွင့်လွှတ်တတ်သူအား
အလ္လာဟ်အရှင်မြတ်သည် ဂုဏ်သိက္ခာ ပို၍တိုးပွားစေတော်မူမည်။ မည်သူမဆို
အလ္လာဟ်အရှင်မြတ်အတွက် ရိုကျိုးနှိမ့်ချခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည်
ထိုသူအားမြှင့်တင်ပေးတော်မူသည်။ [صحيح] [رواه مسلم]

ဆွဒကဟ် အလှူဒါနသည် ဥစ္စာပစ္စည်းကို လျှော့နည်းစေမည် မဟုတ်ကြောင်းတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်းပြတော်မူခဲ့သည်။ ထို့အပြင်ဆွဒကဟ် အလှူဒါနသည် ဘေးဗလာများကိုဖယ်ရှားပေးသည်။ အလ္လာဟ်အရှင်မြတ်သည်အလှူဒါနပြုသူအား ကြီးကျယ်လှသော ကောင်းခြင်းများ အစားပြန်လည်ချီးမြှင့်တော်မူသဖြင့်မလျော့နည်းသည့်အပြင် ပို၍တိုးပွားသွားသည်။ အခြားသူအား လက်စားချေနိုင်စွမ်း၊အစားယူနိုင်စွမ်းရှိလျက်နှင့် ခွင့်လွှတ်လိုက်ခြင်းသည် အင်အားနှင့် ဂုဏ်သိက္ခာကိုပို၍တိုးပွားစေသည်။ အကြင်သူသည် အခြားသူကို ကြောက်ရွံသည့်အတွက်ကြောင့်လည်း မဟုတ်၊မိမိအား နူးညံ့သိမ့်မွေ့စွာ ဆက်ဆံသည့်အတွက်ကြောင့်လည်းမဟုတ်၊ ၎င်းထံမှအကျိုးတစ်စုံတစ်ရာ မျှော်ကိုးသည့်အတွက်ကြောင့်လည်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်အတွက်သာရိုကျိုးနှိမ့်ချမည်ဆိုပါက အဆင့်အတန်းမြင့်မားခြင်းနှင့်ဂုဏ်သိက္ခာကြီးမြတ်ခြင်းတို့ကို အစားပြန်လည်ရရှိမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5512